**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
**www.knuhq.org**

## ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ၏ (၃၆)နှစ်မြောက် ပါတီ ဖွဲ့စည်းတည်ထောင်ခြင်း အထိမ်းအမှတ်နေ့ အခမ်းအနားသို့ ပေးပို့သော ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ၏ သဝဏ်လွှာ

ရက်စွဲ။ ။ အောက်တိုဘာလ(၂၆)ရက်နေ့၊ ၂၀၂၄ ခုနှစ်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ(၂၆)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်၏ (၃၆)နှစ်မြောက် ပါတီဖွဲ့စည်းတည်ထောင်ခြင်း အထိမ်းအမှတ်နေ့ အခမ်းအနား အခါသမယတွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်ကိုယ်စားလှယ်များ အားလုံး နှင့် ရှမ်းအမျိုးသားများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများ နှင့်အတူ ဘေးကင်းလုံခြုံမှုများ ရှိပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မြန်မာနိုင်ငံ၏ မှားယွင်းခဲ့သည့် နိုင်ငံရေးစနစ်ကြောင့် စစ်အာဏာရှင်စနစ်အောက် စစ်အုပ်ချုပ်ရေး ဖြင့် နှစ်ပေါင်း (၅၀) ကျော် အုပ်စိုးကြီးစိုးခဲ့ရာ ပါတီနိုင်ငံရေးအရ တထောက်နားပါတီနိုင်ငံရေး အခင်းအကျင်းဖြင့် နှစ်ပေါင်း(၂၀)ဂန်းကျင် လောက်သာ ပါတီနိုင်ငံရေးကို မြန်မာနိုင်ငံရေးတွင် ပြတ်လိုက်တောက်လိုက် အသုံးပြုခဲ့သည်ကိုတွေ့ရသည်။

ရှမ်းတိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ်သည် ရှမ်းလူမျိုးများတို့၏ လိုအပ်ချက်အရ ရှမ်းလူမျိုးများတို့၏အကျိုးကို ဆောင်ရွက်ရန်တွက် ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် ခက်ခဲရှုပ်ထွေးလှသည့် တထောက်နား ပါတီ နိုင်ငံရေး၏အောက်တွင် နိုင်ငံရေးပါတီအဖြစ် စတင်ဖွဲ့စည်းခဲ့ပြီး ဒီမိုကရေစီစနစ်ကို ကျင့်သုံးသော ဖက်ဒရယ် ပြည်ထောင်စုစနစ် ထူထောင်ရေးဆိုသည့် ပါတီမူဝါဒနှင့်အညီ ကြိုးစားရပ်တည် ဆောင်ရွက်လာခဲ့သည်မှာ (၃၆)နှစ် ပြည့် မြောက်ခဲ့ပြီးဖြစ်သည်၊ ရှမ်းအမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ်သည် ရှမ်းအမျိုးသားများအတွက် ပါတီနိုင်ငံရေးအရ ဦးဆောင်မှု ပြုနေသော နိုင်ငံရေးပါတီဖြစ်သည့်အတွက် မိမိတို့ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ အထူးလေးစား တန်ဘိုးထား ဂုဏ်ယူပါသည်။

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၏ ပါတီနိုင်ငံရေး (၃၆)နှစ်တာ ကာလအတွင်း နိုင်ငံရေးအချိုးအကွေ့ အလှည့် အပြောင်းများ မည်သို့ပင်ဖြစ်ပေါ်လာသော်လည်း ပါတီ၏ ချမှတ်ထားသော လမ်းစဉ်အပေါ်တွင် ခိုင်မာစွာ ရပ်တည် လုပ်ဆောင်ခြင်း၊ ပါတီသက်တမ်းကာလတလျှောက်တွင် မှားယွင်းသည့် အစိုးရတို့၏ ဆောင်ရွက်မှုတို့ကို တွေ့ရှိပါက ရဲရဲပုံ့ပုံ့ ဆန့်ကျင်ခဲ့သလို အမျိုးသားရေးအတွက် မှန်ကန်သည့် ရပ်တည်ဆောင်ရွက်မှုများတို့ကို လုပ်ဆောင်ခြင်း၊ နိုင်ငံရေးအရ လိုအပ်နေသည့် တိုင်းရင်းသား လူမျိုးများတို့၏ နိုင်ငံရေး စုစည်းမှုအားကို ရယူရန် နှင့် တိုင်းရင်းသား နိုင်ငံရေးပါတီများ အကြား ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ရည်ရွယ်ထားရှိသည့် စည်းလုံးညီညွတ်သော တိုင်းရင်းသား လူမျိုးများမဟာမိတ် အဖွဲ့(UNA)ကို ဦးဆောင်ဖွဲ့စည်းခဲ့ခြင်းတို့သည် မြန်မာနိုင်ငံရေးတွင် သမိုင်းအရ မော်ကွန်းတင်ရမည့် နိုင်ငံရေးပါတီ ဖြစ်ပေသည်။

သို့ဖြစ်၍ ယနေ့ကျင်းပပြုလုပ်သော ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်(SNLD)၏ (၃၆)နှစ်မြောက် ပါတီဖွဲ့စည်းတည်ထောင်ခြင်း အထိမ်းအမှတ်နေ့မှသည် ရှမ်းအမျိုးသားများတို့၏ လိုလားတောင့်တသော အမျိုးသားရေး မျှော်မှန်းချက်၊ နိုင်ငံရေးရည်မှန်းချက်တို့ကို အပြည့်အဝရရှိရန် ဦးဆောင်အကောင်အထည်ဖော်ပေးမည့် မျိုးဆက်သစ် ပါတီခေါင်းဆောင်ကောင်းများ တို့ကို ဆောင်ကြဉ်းပေးလာပါစေဟု ဆုမွန်ကောင်း ဆန္ဒပြုရင်း နိုင်ငံပြုပြင် ပြောင်းလဲရေးဖြစ်သော အနာဂါတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးတွင်လည်း တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ အပါအဝင် ပတ်သက်သူများ အားလုံး ပါဝင်သည့် နိုင်ငံရေးအခင်းအကျင်းသစ် တခုကို ရရှိအောင်ဖန်တီးကြပြီး အတူတကွ လက်တွဲဆောင်ရွက်သွားမည်ဟု သံဓိဌာန် ပြုရင်းဤသဝဏ်လွှာအား ပေးပို့အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်